# International Human Rights Defenders Exchange Meeting
# နိုင်ငံတကာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အတွေ့အကြုံဖလှယ်ခြင်း အစည်းအဝေး ကျင်းပပြီးစီးခြင်း

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်။

ညီမျှခြင်းမြန်မာအဖွဲ့မှ ဦးဆောင်၍ ဖိလစ်ပိုင်၊ နီပေါ နှင့် မြန်မာနိုင်ငံများမှ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ (Human Rights Defenders) တက်ရောက်သည့် (၁) ရက်တာ အတွေ့အကြုံဖလှယ်ခြင်း အစည်းအဝေးကို အွန်လိုင်းမှတဆင့် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် နိုင်ငံအလိုက် ကြုံတွေ့နေရသည့် နိုင်ငံရေးအခြေအနေများ၊ လူ့အခွင့်အရေးချိုးဖောက်ခံ ရမှုများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲစိန်ခေါ်မှုများကို အဓိကထား ဆွေးနွေးဖလှယ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**အစည်းအဝေး၏ ရည်ရွယ်ချက်များမှာ –**

1. နိုင်ငံအလိုက် လူ့အခွင့်အရေးအခြေအနေများကို သိရှိနားလည်နိုင်စေရန်။
2. လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ နှင့် ကျော်လွှားနိုင်ခဲ့သည့် နည်းလမ်းများကိုမျှဝေခြင်းမှတစ်ဆင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန်။
3. လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အသံများကို နိုင်ငံတကာအဆင့်သို့ ထိရောက်စွာ စည်းရုံးလှုံ့ဆော်မှုနှင့်အတူ ထောက်ခံမှုများ ပိုမိုရရှိစေရန်

အစည်းအဝေးတွင် နိုင်ငံအလိုက် Human Rights Defenders များ၏ အခက်အခဲများ၊ Women Human Rights Defenders များ၏ ထူးခြားသောစိန်ခေါ်မှုများ နှင့် ဖြေရှင်းနိုင်သည့်နည်းလမ်းများအပြင်၊ ရိုဟင်ဂျာ ပြည်သူများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုအခြေအနေများ ကိုပါ ဆွေးနွေးတင်ပြခဲ့ကြသည်။

Equality Myanmar

## International Human Rights Defenders Exchange Meeting

**“အထူးသဖြင့် အဏ္ဏာမြို့စီမံကိန်းကြောင့် ဖြစ်ရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ ချိုးဖောက်သူများကို တရားစွဲဆိုရာတွင် ကြုံတွေ့ရသည့် အခက်အခဲ စိန်ခေါ်မှုများ၊ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုများ၊ ကာကွယ်စောင့်ရှောက်ရသည့် နည်းစနစ်များ နှင့် အခက်အခဲစိန်ခေါ်မှုများနှင့်အတူ လူမျိုးပြုန်းသတ်ဖြတ်မှုကြောင့် ရိုက်ခတ်ခဲ့သည့် အကျိုးဆက် များနှင့်အတူ အခက်အခဲစိန်ခေါ်မှုများကို လေ့လာခဲ့ကြရပြီး အကောင်းဆုံး ကျော်လွှားနိုင်ခဲ့သည့် နည်းနာများကိုလည်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။”**

ယင်းနောက် နိုင်ငံအလိုက် Human Rights Defenders များအနေနဲ့ လူ့အခွင့်အရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့သွားရန် နှင့် မိမိတို့ ကြုံတွေ့နေရသော ချိုးဖောက်မှု အခြေအနေများကို နိုင်ငံတကာအဆင့်တွင် စည်းရုံးလှုံ့ဆော်တင်ပြဆွေးနွေးသွားရန် တက်ရောက်သူများက အကြံပြုခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံ၊ နီပေါနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံအခြေစိုက် မြန်မာအရပ်ဖက်အဖွဲ့အစည်းများနှင့် တက်ရောက်သူများစုစုပေါင်း (၆၉) ဦး ပါဝင်ခဲ့ကြပြီး၊ အမျိုးသား (၂၉) ဦး၊ အမျိုးသမီး (၃၉) ဦး၊ Transgender Woman (၁) ဦး နှင့် မထုတ်ဖော်လိုသူ (၁) ဦး တို့ အစည်းအဝေးတက်ရောက်ခဲ့ကြသည်။